
ပါရမီရှင်တစ်ယောက်ရဲ့
ယင်ဝိုင်းကြဲ
ဒိုင်ယာရီ
စာစဉ်-၆
Translator-Heavenly Dao Translation Sect

# အခန်း (၅၁)
# နောက်ဆုံး အဓိက ပါဝင်ပစ္စည်း၊ မူလ ခရမ်းရောင်ချီတစ်မျှင်

*

နင်းဖန်၏ လွန်ကဲသော ယုံကြည်မှုက ဂိုဏ်း တစ်ခုလုံးကို လုံးဝ ဇဝေဇဝါ ဖြစ်သွားစေခဲ့လေသည်။

သူ လီဟွော့ ကြက်သွေးရောင် သစ်သီး များကို သစ်ပင်ပေါ်မှ ခူးနေသည်ကို အားလုံးက အကူအညီမဲ့စွာ ကြည့်နေရုံသာ တတ်နိုင်တော့၏။

ထို့အပြင် သူသည် မမှည့်သေးဘဲ သက်တမ်း အလွန်နုကြောင်း ထင်ရှားသော အစိမ်းရောင် အသီးငယ် လေးများကိုသာ အထူးရွေးချယ် ခူး ယူနေခဲ့လေသည်။

ဤမြင်ကွင်းက တပည့်များစွာကို ပို၍ပင် စကားမပြောနိုင် ဖြစ်သွားစေခဲ့လေ၏။

အတွင်းစည်းတပည့် တစ်ယောက်က သက်ပြင်း ရှည်ကြီးချကာ ပြောလိုက်လေသည်။

"အဲဒီအသီးတွေ အရည်အသွေး မကောင်းဘူး ဆိုတာ ငါတောင် သိတယ် ဒါပေမယ့် သူက ခူး နေတုန်းပဲ...။ ဆေးဖက်ဝင် အပင် အသိပညာ တွေကို သုံးရက်ကြာအောင် လေ့လာပြီးတာ တောင် သူ ဘာမှ မသင်ယူရ သေးဘူးလား...။ ဝိညာဉ်အပင်တွေ ရဲ့ သက်တမ်းကို ဘယ်လို

အကဲဖြတ်ရမလဲဆိုတာကိုတောင် သူ နားမလည်ဘူးလား...။"

ဤသည်ကို ကြားသော အခြားသူများ၏ မျက်နှာများမှာလည်း ထူးဆန်းသော အမူအရာများ ဖြစ်ပေါ်နေခဲ့လေတော့၏။

ယခင်က နင်းဖန်၏ လေးနက်စွာ စာဖတ်နေသည့် ဟန်ပန်မှာ အတော်လေး ခြိမ်းခြောက်နိုင်စွမ်း ရှိခဲ့ သည်ပင်။

အထူးသဖြင့် စာကြောင်းဆယ်ကြောင်းကို တစ်ချက်ကြည့်ရုံဖြင့် ဖတ်နိုင်သော ထိုအမြန်နှုန်းက သူသည် အထူးစွမ်းရည် တစ်ခုခုကို အမှန်တကယ် ပိုင်ဆိုင်ထားသည်ဟု လူအများအပြားကို ခံစားရစေခဲ့၏။

အဆုံးတွင် သူ အသီးစတင် ခူးသည့်

အခိုက်အတန့်တွင် အရာအားလုံး ဖူးပေါ်သလို ပေါ်လာခဲ့လေသည်။

ကောင်းကင်နဲ့မြေကြီး ရတနာ များ၏ သက်တမ်းကို ခွဲခြားသိမြင်ရန် အလွန် ခက်ခဲသော်လည်း ၎င်းမှာ အခြေအနေအပေါ် မူတည်ပေသည်။

လီပှော့ ကြက်သွေးရောင် သစ်သီး ကဲ့သို့သော မီးခဲတ် ဝိညာဉ် ပစ္စည်းတစ်ခုအတွက် ၎င်း၏ အရည် အသွေးကို အပြင်ပန်း အသွင်အပြင်မှ တစ်ဆင့် ရှင်းလင်းစွာ မြင်တွေ့နိုင်ပေ၏။

ဥပမာအားဖြင့် အသီး၏ အရွယ်အစား၊ အရောင် ရင့်မှည့်မှု နှင့် ၎င်းမှ ထုတ်လွှတ်သော မီးခဲတ် ဝိညာဉ်ချီ ၏ ပြင်းအားတို့ပင်...။ ဤ အရာများသည် အသာမန်အနိမ့်ဆုံး တပည့်တစ်

ယောက်ပင် နားလည်နိုင်သော အရာများ ဖြစ်လေသည်။

ဒါပေမယ့် ဘာဖြစ်သွားပါသနည်း။

နင်းဖန်သည် ကြီးမားပြီး ဖောင်းကားနေသော အသီးများကို တစ်ချက်မျှပင် မကြည့်ဘဲ မမှည့်သေးသော အရာများကို အထူးရွေးချယ် ခူးယူနေခဲ့ခြင်းဖြစ်၏။

ဤသည်ကိုုဆေးဖက်ဝင် အပင်များ တာအိုတွင် ကျွမ်းကျင်သည်ဟု ခေါ်ဆို၍ရပါသလော။

အတွင်းစည်းရော အပြင်စည်းကပါ တပည့်များသည် အလွန် မကျေမနပ် ဖြစ်နေကြတော့သည်။

"ဒါက ဆေးသန့်စင်သော ဆေးညွှန်းတစ်ခု ရေးဖို့ လုံလောက်တယ်ဆိုရင် ငါလည်း ရေးနိုင်တာ

ပေါ့...။"

"ဟုတ်တယ်... တကယ်လို့ အစစ်အမှန်တပည့် တစ်ယောက်ဖြစ်တဲ့ ငါသာ လုပ်ရမယ်ဆိုရင် ငါ ရေးမယ့် ဆေးညွှန်းက နင်းဖန်ရဲ့ ဆေးညွှန်း ထက် ဆယ်ဆ ပိုကောင်းလိမ့်မယ်...။"

"သူ ဒီလို ရှုးကြောင်ကြောင် လုပ်နေမှတော့ သူ သေရတော့မှာက အံ့သြစရာ မဟုတ်တော့ပါ ဘူး...။"

"ဟင်း... ဒီလောက် အားကောင်းတဲ့ ကျင့်ကြံ ခြင်း ပါရမီ ရှိနေရက်နဲ့ ဒီလို ကိစ္စလေးတစ်ခု အတွက် ဘာလို့ ဒီလောက် ခေါင်းမာနေရတာ လဲ...။"

"တကယ်လို့ သူသာ သူ့ကိုယ်သူ တကယ် ပြုတ် ပြီး သေသွားမယ်ဆိုရင် အဲဒါက ဒီနယ်မြေရဲ့

ပါရမီရှင် တွေကြားမှာ ဆေးသန့်စင်ခြင်း နဲ့ ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း အတွက် စံချိန်သစ်တစ်ခု ဖြစ်သွားလိမ့် မယ်...။"

"ဟုတ်တယ် မဟုတ်လား...။ အခြားသူတွေက သွေးကြောများ နွေးထွေးစေခြင်း ဆေးသန့်စင်တာကို သုံးပြီး သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ အင်အား ထိုးတက်သွားတာကို မြင်တွေ့ရချိန်မှာ နင်းဖန်ကတော့ သူ့ရဲ့ ကိုယ်ပိုင် ရုပ်ခန္ဓာကိုယ် ကို ဖျက်ဆီးဖို့ အဲဒါကို အသုံးပြုတယ်လေ...။ တစ်နည်းအားဖြင့် အဲဒါကလည်း စံချိန်သစ်တစ်ခု မဟုတ်ဘူးလား...။"

"အခု အကြီးအကဲတွေတောင် သူ့ကို မတားနိုင်တော့ဘူး...။ လူတစ်ယောက်က သေလမ်းကို မရှာဘူး ဆိုရင် သေမှာ မဟုတ်ဘူးလို့ပဲ

ညည်းတွားနိုင်တော့တယ်…။ "

တပည့်များသည် အပြင်းအထန် ဆွေးနွေးနေကြ၏။

အချို့က စိုးရိမ်နေကြသည်၊ အချို့က လှောင်ပြောင်နေကြပြီး အချို့က အကူအညီမဲ့သလို ခံစားနေ ကြရလေသည်။

အမှန်တကယ်တော့ မူလ နင်းဖန်သည် သူ၏အစွန်းရောက် သေမျိုးခန္ဓာကိုယ် ပါရမီနှင့်ကောင်းကင်ဘုံ အဆင့်မြင့် သိုင်းပညာတစ်ခုကိုတစ်ရက်တည်းဖြင့် ကျွမ်းကျင်ခြင်းတို့မှတစ်ဆင့်တပည့်များကြားတွင် ကြီးမားသော ဂုဏ်သတင်းကို ရရှိထားပြီး ဖြစ်၏။

သို့သော် ပိုမြင့်မြင့် ရပ်တည်လေလေ ပိုနာနာကျလေလေပင်။

ကောင်းစွာ မကျင့်ကြံမည့်အစား နင်းဖန်သည် ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း ဆေးညွှန်းတစ်ခုကို ဖန်တီးရန် သူ၏ ကိုယ်ပိုင်လမ်းစဉ်အတိုင်း သွားရန် ဇွတ်လုပ်နေခဲ့သည်။ အားလုံး၏ အမြင်တွင် ဤအပြုအမူမှာ လုံးဝ မိုက်မဲပုံရနေခြင်းဖြစ်၏။

သူ မသိလိုက်မီမှာပင် ယခင်က သူ စုဆောင်းထားသော ဂုဏ်သတင်းမှာ သဘာဝကျစွာပင် သိသိသာသာ ကျဆင်းသွားခဲ့လေသည်။

တပည့်များစွာသည် နင်းဖန်အပေါ် ချက်ချင်းပင် စိတ်ပျက် သွားကြလေ၏။

ဂိုဏ်း တပည့်ခေါင်းဆောင် ဆိုသောအရာမှာ ဤမျှသာ ဖြစ်သည်ဟု သူတို့ ခံစားလိုက်ရသည်။

သူ မိုက်မဲစွာ ပြုမူသောအခါ လူများကို ရှုံ့ရှာ သွားစေသည်အထိ ဖြစ်နေစေ၏။

ဤဆွေးနွေးမှုများ တဖြည်းဖြည်း ပြန့်နှံ့သွားသည်နှင့်အမျှ သတင်းသည် အပြင်စည်းတပည့်ဧရိယာသို့ ဖြည်းဖြည်းချင်း ရောက်ရှိသွားခဲ့လေသည်။

ဤအထဲတွင် နင်းဖန် ရေးသားခဲ့သော ဆေးညွှန်းအပေါ် စွန်းချီယွမ် ၏ အကဲဖြတ်မှုလည်း ပါဝင်ပေသည်။

ဤသည်ကို ကြားသောအခါ ပွဲကြည့်နေရုံသာဖြစ်သော သိန်းနှင့်ချီသည့် အပြင်စည်းတပည့်များသည် လည်း ဘာတွေဖြစ်နေသလဲဆိုသည်ကို ချက်ချင်း နားလည်သွားကြ၏။

နင်းဖန် ဤမျှ လေးနက်စွာ ရေးသားခဲ့သော ဤဆေးညွှန်းမှာ အမှန်တကယ်တော့ လုံးဝ ဖြစ်နိုင်ခြေ မရှိသောအရာ ဖြစ်နေခဲ့သည်ပင်

တကား။

ငင်းတွင် အင်အားကြီးမားသော ကောင်းကင်နှင့်မြေကြီး ရတနာ များနှင့် ဝိညာဉ်ဆေးဝါးများ အများ အပြား ပါဝင်ပုံရ၏။

သို့သော် အမှန်တကယ်တွင် ဤအရာများသည် ပဋိပက္ခဖြစ်နေသော သတ္တဝါများနှင့် သဟဇာတမဖြစ် သော ဂုဏ်သတ္တိများ ရှိကြသည်...။ ငင်းတို့ကို ဆေးရည်တစ်ခွက်တည်းအဖြစ် လုံးဝပေါင်းစပ်၍ မရ နိုင်ချေ။

အကယ်၍ ရုပ်ခန္ဓာကိုယ် တစ်ခုသည် ရေချိုးကန်ထဲသို့ ဝင်သွားပါက အရိုးများ ပျော်ကျသွားမည် ဖြစ် ပေသည်။ သေချာပေါက် သေဆုံးရမည်ပင် ဖြစ်၏။

"ဘုရားရေ ဒါက သွေးကြောများ နွေးထွေးစေ

ခြင်း ဆေးသန့်စင်တာ မဟုတ်ဘူး၊ အခြေခံအားဖြင့် ကိုယ့် ကိုယ်ကိုယ် သတ်သေဖို့အတွက် အဆိပ်ဆေးရည်ပဲ...။"

"ဒါဆို နင်းဖန်က အကြီးအကဲစွန်း ရေးထားတဲ့ ဆေးညွှန်းကို ဘာလို့ လုံးဝ အသုံးမပြုခဲ့တာလဲ...။ သူ အတိအကျ ဘာကို လိုချင်နေတာလဲ...။"

"ဟင်း... သူ့ရဲ့ ကျင့်ကြံခြင်း ပါရမီက အံ့သြစရာကောင်းတယ်လို့ ထင်ပြီး သူ မာနကြီးလာတာဖြစ် ရမယ်...။"

"အခြားသူတွေက အောင်မြင်မှု တစ်ခုခု ရဖို့ ဆေးဖက်ဝင် အပင်တွေရဲ့ တာအို မှာ နှစ်ထောင်ပေါင်း များစွာ အချိန်ကုန်ခံရတယ်။ ဒါပေမယ့် သူက သုံးရက်လောက် ကိုယ်တိုင် လေ့လာ

ပြီး သူတို့နဲ့ ယှဉ်နိုင် ပြီလို့ ထင်နေတာ...။ သူ ဘာတွေ တွေးနေလဲဆိုတာ ငါ တကယ် မသိတော့ဘူး...။"

"ကြည့်စမ်း...။ နင်းဖန်က ဆေးညွှန်းထဲက ပစ္စည်းတွေ အကုန်နီးပါး စုဆောင်းပြီးသွားပြီ...။ သူ အဲဒီထဲမှာ တကယ် ရေစိမ်တော့မလို့လား...။"

"ဘုရားရေ ဂိုဏ်းထဲက ငါတို့ အကုန်လုံးက နှစ်တစ်သန်းမှာ တစ်ခါပေါ်မယ့် ပါရမီရှင် တစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေတာကို ကြည့်နေရတော့မှာလား...။"

အပြင်စည်းတပည့်များသည် ကောလာဟလများ၏ လွှမ်းမိုးမှုကို အလွယ်ဆုံး ခံရသူများ ဖြစ်ကြလေ၏။

ယခုအချိန်တွင် လှောင်ပြောင်သူများ

တဖြည်းဖြည်း များပြားလာပြီး အခြားသူများက သူ၏ ဉာဏ်ပညာ ကင်းမဲ့မှုကို မုန်းတီးကာ နင်းဖန်၏ မာနကြီးသော သေလမ်းရှာမှုအတွက် သူ့ကို ကျိန်ဆဲနေကြသည့်ပင်။

တစ်ချိန်တည်းမှာပင် အဓိက စက်ဝိုင်းအတွင်း၌။

အကြီးအကဲများစွာမှာလည်း လုံးဝ တည်ငြိမ်မှုကင်းမဲ့နေပြီး မျက်မှောင်ကြုတ်နေခဲ့ကြ၏။

နင်းဖန်သည် အောက်ဘက်တွင် အိုးကြီးတစ်လုံး ယူလာပြီး ဆေးညွှန်းထဲမှ ဝိညာဉ်ဆေးဝါးများ နှင့် ဝိညာဉ်အပင်များ ကို စတင်ထည့်သွင်းနေသည်ကို သူတို့ ကြည့်နေကြရသော သူတို့၏ နှလုံးသားများ သည် အလွန်အမင်း တုန်လှုပ်နေခဲ့သည်ပင် ။

ပြိုင်ဘက်ကင်း ပါရမီရှင်တစ်ဦး လမ်းလွဲသွားသည်ကို သူတို့ တကယ်ပဲ အကူအညီမဲ့စွာ ကြည့်နေရတော့ ပါမည်လော။

ချုံးချီလေး သည် သူ့နောက်သို့ လိုက်နေပြီး တစ်ချက်ကလေးပင် မရပ်နားဘဲ သတိပေးချက်များ ပြုလုပ် ရန် အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြုနေခဲ့၏။

သို့သော် နင်းဖန်သည် ဘာကိုမှ သတိမထားမိခဲ့ချေ။

သူသည် သူ၏ ကိုယ်ပိုင် ကမ္ဘာထဲတွင် လုံးဝ နစ်မြုပ်နေခဲ့သည်ပင်။

ဤသည်မှာ လူတစ်ယောက်ကို ဒေါသကြောင့် သေလုမတတ် ဖြစ်သွားစေရန် အမှန်တကယ် လုံလောက် ပေသည်။

"ကောင်းပြီ ကောင်းပြီ...။ အသက်ရှင်ခြင်းနဲ့ သေဆုံးခြင်းက ကံကြမ္မာအပေါ်မှာပဲ မူတည်တော့တယ်...။"

ဂိုဏ်းချုပ် ၏ ရင်ဘတ်မှာ နိမ့်ချည်မြင့်ချည် ဖြစ်နေပြီး သက်ပြင်းရှည်ကြီးတစ်ခု ချကာ မျက်လုံးများကို မှိတ်ထားလိုက်ပြီး အောက်ဘက်ရှိ အခြေအနေကို ဆက်လက် မကြည့်လိုတော့ချေ။

ယွီရှူရွှမ်းသည်လည်း လက်သီးများကို တင်းတင်းဆုပ်ထားခဲ့၏။

အရင်က အလွန် ဉာဏ်ကောင်းကြောင်း ရှင်းလင်းစွာ ပြသခဲ့သော နင်းဖန်သည် ယခု ဤမျှ မိုက်မဲစွာ ပြုမူ လိမ့်မည်ကို သူမ မယုံကြည်နိုင်ခဲ့ချေ။

"သူ့မှာ နောက်ထပ် လျှို့ဝှက် ဖဲချပ်တစ်ခု ရှိနေ

တာများလား…။"

ယွိုရှူရှမ်းသည် အတွင်းစိတ်တွင် တွေးတောနေခဲ့သော်လည်း ၎င်းမှာ ဖြစ်နိုင်ခြေ နည်းပါးသည်ဟု သူမ ခံစားခဲ့ရ၏။

မည်သို့ပင်ဆိုစေ ထိုဆေးညွှန်းကို အဆိပ်ဆေးညွှန်းအဖြစ် စွန်းချီယွမ် က ကိုယ်တိုင်ခွဲခြားသတ်မှတ်ခဲ့ပြီး ဖြစ်လေသည်။

ဂျူနီယာစွန်း ၏ ကျင့်ကြံမှုမှာ မမြင့်မားသော်လည်း သူ၏ အာရုံစိုက်မှုမှာ ဆေးဖက်ဝင်အပင် များ၏ တာအို တွင်ဖြစ်ပြီး သူ၏ အဆင့်မှာ ဤကမ္ဘာတွင်ပင် ထိပ်တန်းအဆင့် ဖြစ်၏။

ထို့အပြင် စွန်းချီယွမ် က မှားယွင်းစွာ အကဲဖြတ်ခဲ့လျှင်ပင် ရှောင်ချာ က ထိုနေရာတွင် ရှိနေသည်။

ရှောင်ချာ သည် ဆေးဖော်စပ်ခြင်း တာအို ၏ မဟာ ကျွမ်းကျင်သူ တစ်ဦးပင် ဖြစ်သည်။ ဆေးလုံးများ အတွက် နည်းဗျူဟာများ ကွဲပြား သော်လည်း အနှစ်သာရမှာ အတူတူပင် ဖြစ်၏။

ထို့ကြောင့် ဆေးသန့်စင်သော ဆေးညွှန်းများကို ခွဲခြားသတ်မှတ်ရာတွင် ရှောင်ချာ ၏ အဆင့်မှာ လည်း အလွန် မြင့်မားပေသည်။

သူတို့ နှစ်ယောက်စလုံး မှားယွင်းစွာ အကဲဖြတ် ခဲ့ရန်ဆိုသည်မှာ မဖြစ်နိုင်သည် မဟုတ်ပါလား။

ယွီရူရှမ်းသည် သူမ၏ ယုံကြည်မှု ပျောက်ဆုံး သွားပြီး တစ်ခဏတာတွင် နင်းဖန်ကို ယုံကြည်ရ မည်လား မယုံကြည်ရမည်လား မသိဖြစ်နေ ခဲ့၏။

"နောက်တစ်ခါ လာပြန်ပြီ...။ ဖဲချပ်ကောင်းတစ်

ခုကို အရမ်း ဆိုးဆိုးရွားရွား ကစားပစ်တာပဲ...။"

လူအုပ်ထဲတွင် သူတော်စင် ယွင်ကျယ် တစ်ယောက်တည်းသာ အလွန်အမင်း စိတ်လှုပ်ရှားနေခဲ့၏။

သူသည် အောက်ဘက်ရှိ အခြေအနေကို ကြည့်နေပြီး သူ၏ နှလုံးသားမှာ အရူးအမူး ခုန်ပေါက်နေ ခဲ့သည်။

ဤနင်းဖန် ပေါ်လာကတည်းက သူသည် အဆက်မပြတ် သေလမ်းရှာနေခဲ့သော်လည်း အဆုံးတွင် အမြဲ တမ်း အန္တရာယ်မှ ဘေးကင်းရာသို့ ပြောင်းလဲနိုင်ခဲ့ပြီး ထိုဖြစ်စဉ်တိုင်းတွင် ယွင်ကျယ်၏ တာအိုနှလုံး သားကို အကြိမ်ကြိမ် တုန်လှုပ်သွားစေခဲ့၏။

ယခု ထိုကောင်သည် သူ၏ လှည့်ကွက်များကို

ထပ်မံ အသုံးပြုနေပြန်သည်။

သူသည် အဆိပ်ရေချိုးကန်ထဲတွင် သူ့ကိုယ်သူ စိမ်တော့မည် ဖြစ်၏။ ဤသည်မှာ အမှန် တကယ်ပင် သူ၏ ကိုယ်ပိုင် သေဆုံးမှုကို ရှာဖွေ နေခြင်းပင်။

"ဒီတစ်ကြိမ်တော့ မင်း အခြေအနေတွေကို ပြောင်းလဲနိုင်လိမ့်မယ်လို့ ငါ မထင်ဘူး...။"

သူတော်စင်သည် ဂိုဏ်း၏ တပည့်များ၏ ခေါင်းဆောင်အဖြစ်သို့ ပြန်လည်ရောက်ရှိသွား သည့် အခိုက် အတန့်ကို မြင်တွေ့နေရသကဲ့သို့ သူ၏ နှလုံးသားထဲတွင် မြည်ဟီးနေခဲ့သည်...။

တစ်ချိန်တည်းမှာပင်။

အောက်ဘက်တွင်။

ဆေးဖက်ဝင်အပင်တစ်ရာတောင်ထိပ် ၏ ထိပ်

ဆုံးရှိ အနက်ရောင်နှင့် ရွှေရောင် ရောစပ်ထားသော ဧရာမ အိုးကြီးတစ်ခု အတွင်း၌။

နှင်းဖန်သည် အနှစ်တစ်ထောင် သက်တမ်းရှိ လီပျော့ ကြက်သွေးရောင် သစ်သီး သုံးလုံး၊ အနှစ်တစ် သောင်း သက်တမ်းရှိ ရွှမ်မင် စစ်မှန်သော ရေ ကိုးစက်။

ယခုလေးတင် ကျွတ်ထားသော ရွှေရောင် အတောင်ပံများရှိသော ကောင်းကင် ပိုးကောင် အရေခွံ တစ်စုံ။ အနှစ်ငါးသိန်း သက်တမ်းရှိ မြေကြီး သွေးကြော ခရမ်းရောင် လင်းကျီးမှို တစ်ပွင့်။

အနှစ်တစ်သိန်း သက်တမ်းရှိ မိုးပြာရောင် နဂါးသစ်သား အူတိုင် အစအန နှစ်ကျပ်သား နှင့် ကျားဖြူ ထက်မြက်သော ရွှေရောင် သဲ ငါးမူး တို့

ကို ယူကာ နောက်ဆုံးတွင် အနက်ရောင် အခိုးအငွေ့များ ထွက် ပေါ်နေသော ဆေးဟင်းချို အိုးတစ်အိုးကို ဖျော်စပ်လိုက်၏။

ပထမအချက်ကြည့်လိုက်လျှင် ၎င်းမှာ အဆိပ်နှင့် တူလှပေသည်။

အထူးသဖြင့် အိုးကြီးအောက်ရှိ မီးကြီးဖြင့် အပူပေးပြီးနောက် အနက်ရောင် ပူဖောင်းများ ဆက်တိုက် ထွက်ပေါ်လာခဲ့လေ၏။

မည်သို့ပင် ကြည့်စေကာမူ ၎င်းမှာ ကောင်းသောအရာနှင့် မတူချေ။

ရေမျက်နှာပြင်ပေါ်တွင် ဝိညာဉ်ချီများ လျှံကျနေခြင်းသာ မရှိပါက ဤသည်မှာ ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း အတွက် အသုံးပြုသည့် ဆေး သန့်စင်သော ဟင်းချိုဖြစ်ကြောင်း ယုံကြည်ရန်

ခက်ခဲပေလိမ့်မည်။

ဤ ဆေးသန့်စင်ခြင်း ကို ဖျော်စပ်ခြင်းနေမှာ နေ့တစ်နေ့နှင့် ညတစ်ည ကြာမြင့်ခဲ့၏။

နောက်နေ့ အရုဏ်တက်ချိန်အထိပင်။

နံနက်ခင်း နေရောင်ခြည်၏ ပထမဆုံး အလင်းတန်း ထွက်ပေါ်လာပြီး နေရောင်ခြည် သည် ဆေးဖက်ဝင် အပင်တစ်ရာတောင်ထိပ် ပေါ်သို့ ကျရောက်လာသောအခါ။

အိုးကြီးဘေးတွင် တရားထိုင်နေသော နင်း ဖန်သည် ရုတ်တရက် မျက်လုံးများကို ဖွင့်လိုက် လေသည်။ လက်လှမ်းကာ ထူးဆန်းသော ပုံသဏ္ဍာန်ရှိသည့် သစ်ခြောက် တစ်ပိုင်းကို အိုး ကြီးထဲသို့ ပစ်ထည့်လိုက် လေ၏။

ဤသည်မှာ ဆေးဓာတ်ကူပစ္စည်း ဖြစ်ပြီး အနှစ်

နှစ်သန်း သက်တမ်းရှိ ပုံသဏ္ဌာန်မဲ့ အမြစ် ပင် ဖြစ်လေ သည်။ ၎င်းတွင် ပဋိပက္ခဖြစ်နေသော ဆေးဖက်ဝင် ဂုဏ်သတ္တိများကို ဖြေရှင်းနိုင်သည့် အကျိုးသက် ရောက်မှု ရှိပြီး ပါဝင်ပစ္စည်းများ အားလုံးကို ပြီးပြည့်စုံစွာ ဟန်ချက်ညီစေ နိုင်သည်ပင်။

ထို့အပြင် ၎င်းတွင် အားအကောင်းဆုံး စွမ်းရည် တစ်ခု ရှိနေသေး၏။

၎င်းမှာ လီဟော့ ကြက်သွေးရောင် သစ်သီး၊ ရွှမ် မင် စစ်မှန်သော ရေ နှင့် မြေကြီး သွေးကြော ခရမ်းရောင် လင်းကျီးမှို တို့နှင့် ပေါင်းစပ်ပြီး နောက် လျို့ဝှက်ဆန်းကြယ်သော စွမ်းအား တစ်ရပ်ကို မွေးဖွားပေးနိုင်ပြီး ထိုမှတစ်ဆင့် မူလ ခရမ်းရောင် ချီ တစ်မျှင်ကို ဆွဲငင်နိုင်ခြင်း

ပင်။

ဤစွမ်းရည်မှာ နင်းဖန်က သူ၏ တောက်ပသော ဆေး နှလုံးသား မှတစ်ဆင့် မြင်တွေ့ခဲ့ရသောအရာ ဖြစ် ၏။

ဤကမ္ဘာရှိ မည်သူမဆို ဤလျှို့ဝှက်ချက်ကို သိ မသိ သူ မသိချေ။

မည်သို့ပင်ဆိုစေ ဆေးဥယျာဉ် ခန်းမ အတွင်းရှိ စာအုပ်များစွာတွင် ၎င်းကို မှတ်တမ်းတင်ထား ခြင်း မရှိ ချေ။

"မူလ ခရမ်းရောင် ချီ က ကမ္ဘာကြီးရဲ့ အရင်းအမြစ် စွမ်းအင်ပဲ... ။ အဲဒါက လေဟာနယ်ထဲမှာ ပုန်းကွယ် နေပြီး မနက်စောစော နေထွက်လာတဲ့ အချိန်မှာမှ အပြောင်းလဲအလွယ်ဆုံး ဖြစ်တာ...။ အဲဒါကို ဒီ

အထူး နည်းလမ်းကတစ်ဆင့် ဆွဲငင်လို့ ရတယ်...။"

"ပြီးတော့ ဒီ မူလ ခရမ်းရောင် ချီ တစ်မျှင်က ငါ့ရဲ့ ဆေးသန့်စင်သော ဆေးညွှန်းထဲက နောက်ဆုံး အဓိကပါဝင်ပစ္စည်းပဲ...။"

ဤအချိန်တွင် မိုင်သန်းပေါင်းများစွာ ကျယ်ဝန်းသော နယ်မြေကို ဖြတ်သန်းကာ ဆေးဟင်းချိုထဲသို့ ပေါင်းစပ်ဝင်ရောက်လာသည့် အင်အားကြီးမားပြီး နက်နဲသော အရှိန်အဝါတစ်ခုကို နင်းဖန် ခံစား လိုက်ရလေ၏။

သူ၏ မျက်လုံးများတွင် ထက်မြက်သော အလင်းရောင်တစ်ခု တောက်ပသွားပြီး သူသည် အဝတ်အစား များကို ချွတ်ကာ အိုးကြီးထဲသို့ ခုန်ဆင်းသွားလေတော့သည်။

***